# All For You



Story by
Baby Bunny

Intro

ကောင်းကင်ကြီးတစ်ခုလုံးမှောင်မည်းနေခဲ့သည် ။ တိမ်မည်းတွေက ကောင်းကင်ပြင်တစ်ခုလုံး အုံ့ဆိုင်းနေရာယူလျှက်...။

မည်းမှောင်နေသည့်ကောင်းကင်ပြင်ကိုကြည့်ရင်း သူတစ်ချက်ပြုံး လိုက်သည် ။ မည်းမှောင်နေတဲ့ ကောင်းကင်ပြင် ဒါကော့ရှပြေးနိမိတ်ဆို လျှင် နောက်ဆက်ဖြစ်လာမယ့်အရာက ဘာလဲ...?။

သူ ထိုင်နေရာမှ လှဲချလိုက်သည် ။ မျက်လုံးတွေကိုမှိ တ်ထားလိုက် သည့် ခဏတွင် တော့ မျက်နှာပေါ်ကျလာသည့် မိုးရေစက်လေးများ ...။ တစ်စက်ချင်း တစ်စက်ချင်းဆီ မျက်နှာပြင်ပေါ်...ရင်ဘက်ပေါ် နောက် ဆုံးခြေလက်တွေပါမကျန် ရောက်ရှိလာချိန်မှာ တော့ တစ်ကိုယ်လုံးရွှဲရွှဲ စိုနေပြီမှန်း သူ သိလိုက်ပြီလေ...။

ရုတ်ချည်းဆိုသလို သူ့ ပါးပြင်ထက် အေးစက်သည့်ခံစားချက်အပြင် ပူနွေးမှုတစ်ခုပါ ထပ်မံဖြစ်ပေါ်လာခဲ့သည် ။ လက်ဖြင့် ထိတွေ့ကြည့် လိုက်တော့ မျက်ရည်လား၊ မိုးရေလားမသိတဲ့ ရေအချို့က ပါးပြင်မှာ ...။

ကျွန်တော် ငိုနေတာလား...??။ ဟက်!...ကျွန်တော်ငိုနေခဲ့တာလား...??။

မငိုနဲ့ မိုးမခ မငိုနဲ့ ။ မင်းငိုဖို့ မထိုက်တန်ဘူး။ မျက်ရည်ကျဖို့ ကောင် မထိုက်တန်တဲ့ ကောင်...မငိုနဲ့ ...။ မင်းမငိုရဘူး မိုးမခ ။ မငိုရဘူး...။

"ဟက်...ဟားဟားဟား...ဟားဟားဟားဟား!!..."

ကျယ်လောင်စွာ သူ အော်ဟစ်ရယ်မော ပစ်လိုက်သည် ။

ဟုတ်တယ်။ ကျွန်တော် ရယ်နေရမယ်။ ရယ်နေမှ ဖြစ်မယ်။ အစ်ကို က ပြောခဲ့တယ်လေ။ ကျွန်တော်ရယ်တာကို ကမ္ဘာပေါ်မှာ အစ်ကို အကြိုက်ဆုံးတဲ့ ။ ကျွန်တော်ရယ်နေတာကိုပဲ အစ်ကို က မြင်ချင်တာတဲ့ ။ ကျွန်တော်ရယ်ရမှာ ပေါ့။ အစ်ကို့ ကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်ရယ်မောနေရမယ်လေ...။

"အစ်ကို...။ အစ်ကို မြင်ရဲ့ လား။ ကျွန်တော်အခုရယ်နေတယ်လေ... ဟက်...။ ကျွန်တော် အခုရယ်နေတာကို အစ်ကို မြင်ရဲ့ လားလို့ !!"

ကောင်းကင်ကို မော့ကြည့်ကာ သူ အသံကုန်ဟစ်အော်လိုက်သည် ။

"အစ်ကို မြင်မှာ ပါ။ အစ်ကို မြင်နိုင်မှာ ပါလေ။ မြင်နေတယ်မလား ...."

သူ့ မျက်နှာ ပြုံးနေခဲ့ပါသည် ။ ပါးပြင်ထက်က ရေစီးကြောင်းက တော့ မျက်ရည်လား မိုးရေလားဆိုတာ သူကိုယ်တိုင်ပဲ သိနေပါလိမ့်မည် ။

သူ့နှုတ်ဖျားမှ တိုးညှင်းသော စကားတစ်ခု...

"တောင်းပန်ပါတယ် ကိုဆက်..."

***

All For You~~~

ep:(1)

မျက်လုံးပေါ်ကျရောက်လာသည့်နေရောင်စူးစူး...။ အော်...မိုးတောင် လင်းပြီထင်ပါရဲ့ ...။ မိုးမခ လှဲနေရာမှ ထလိုက်ကာ ကုတင်ပေါ်က ဆင်း လိုက်သည် ။ ဘေးနားမှ ရှိသည့် ဆေးအိတ်ချိတ်ထားသည့် တိုင်လေးကို တွန်းရင်း ပြတင်းပေါက်နားဆီသွားလိုက်သည် လေ။

ပြတင်းပေါက်မှ မြင်နေရသည့် ဆေးရုံဝင်းကြီးကတော့ တိတ်ဆိတ် မနေဘဲ ထုံးစံအတိုင်း ဆူညံစွာ ရှုပ်ယှက်ခတ်နေသည် ။

ဆေးရုံ...??? ကျွန်တော်ဆေးရုံလို့ ပြောလိုက်မိသလား...??။ ဟုတ်ပါ သည် ။ ကျွန်တော်အခုနေသည့်နေရာက ဆေးရုံတစ်ခုရဲ့ အခန်းငယ် တစ်ခန်းထဲမှာ ပါ။ အတိအကျပြောရရင် ကန်သာယာ ဆေးရုံရဲ့ နှလုံး ရောဂါဆောင်က အခန်းငယ်တစ်ခုမှ ပေါ့။

ကျွန်တော့်နာမည်က မိုးမခ။ ချမ်းသာတဲ့ လူတန်းစားတော့မဟုတ် ပေမယ့် စားနိုင်သောက်နိုင်တဲ့ လူလတ်တန်းစားက မွေးဖွားလာခဲ့သူပါ။ သို့ပေမယ့် ကံမကောင်းစွာနဲ့ မွေးရာပါ နှလုံးရောဂါက ကျွန်တော့်လိုလူ ဆီပါလာခဲ့တယ်လေ။ ငယ်ငယ်လေးတည်းက ဆေးရုံမှာ ပဲနေ ဆေးရုံ မှာ ပဲကြီးပြင်းလာခဲ့တဲ့ ကျွန်တော့်လိုလူတစ်ယောက်အတွက် အိမ်ဆို တာတောင် ဘာမှန်းသေချာမသိပါဘူး။

မွေးရာပါ နှလုံးရောဂါဖြစ်တဲ့ အတွက် ဘယ်နေ့ဘယ်အချိန် ချက်ချင်းသေသွားမလဲတောင်မသိတဲ့ သူပါ။ ဒါပေမယ့်...ကံတရားက ကျွန်တော့်ကို မျက်နှာသာပေးချင်ပုံရပါတယ်။ မနက်ဖြန်ဆို ကျွန်တော့် အသက် ၂၀ ပြည့်တော့မည်လေ။ အခုထက်ထိတော့ ကျွန်တော်မသေ သေးဘူးမလား။

ကျွန်တော်တွေးရင်းတစ်ချက်ပြုံးလိုက်ကာ နေ့တိုင်းလုပ်နေကြဖြစ် သည့် ပြက္ခဒိန်စာရွက်လေးတစ်ရွက်ကို ဆုတ်ဖြဲလိုက်သည် ။ တစ်ရက်

တော့ အသက်ရှင်ခဲ့ပြီလေ။ ဒီနေ့တစ်ရက်ကော ကျွန်တော်အသက်ရှင်နိုင်ပါဦးမလား။ မနက်ဖြန်ရော ကျွန်တော် မျက်လုံးဖွင့်ပြီး ကျွန်တော့်အသက် ၂၀ပြည့်မွေးနေ့ကို ဆင်နွှဲနိုင်ပါဦးမလား...။ ကျွန်တော် သက်ပြင်းလေးချမိပါသည် ။

"ကိုမိုးမခက နိုးတောင်နေပြီပဲ။ ဒီမှာ နံနက်စာပါ။ ခဏနေ ဆရာဝန်ကြီး Round လှည့်ပါလိမ့်မယ်"

နံနက်စာလာပို့ပေးသော နပ်စ် လေးကို ကျွန်တော်ပြုံးပြလိုက်ပါသည် ။ နပ်စ် လာပို့သော နံနက်စာကိုစားရင်း ကျွန်တော် တစ်နေ့တာလုပ်ရမည်များကို ဒိုင်ယာရီလေးထဲ ချရေးနေလိုက်သည် ။

"မိုမခလေးက ဒီနေ့အစောကြီးနိုးနေတာပဲ"

"ဟုတ်ကဲ့"

ဆရာဝန်ကြီးအမေးကို ခေါင်းလေးငုံ့ကာ မိုးမခဖြေလိုက်သည် ။

များ ပြားလှစွာသောစမ်းသက်မှုတွေအပြီး ဆေးများ စွာကိုသောက်ပြီးသည့်အချိန်မှာ တော့ ဆရာဝန်ကြီးရော နပ်စ်တွေပါ ပြန်ထွက်သွားကြသည် ။ အသစ်ချိတ်ထားသည့် လက်တွင်းက ဆေးပိုက်ကိုကြည့်ရင်း မိုးမခစိတ်ရှုပ်စွာ သက်ပြင်းချမိသည် လေ။

ဘယ်တော့များမှ ဒီလိုအဖြစ်မျိုးက လွတ်မှာ လဲနော်။ ဘယ်တော့များမှ ကျွန်တော်သာမန်လူတစ်ယောက်လိုနေနိုင်မှာ လဲနော်။ ဘယ်တော့များမှ ...

ဆေးသောက်ပြီး မိုးမခလုပ်ရန်အလုပ်က ပြန်အိပ်ရန်သာ...။ အထိအခိုက်မခံလောက်အောင် နူးညံ့တဲ့ မွေးရာပါ နှလုံးရောဂါသည် တွေက ဒီအခန်းရဲ့ အပြင်ဘက်ကိုပင်ထွက်မရဘူးမလား။ အဲ့တော့ ပျင်းရိဖို့

ကောင်းစွာ နေနေမယ့်အစား အိပ်လိုက်တာက အကောင်းဆုံးလေ။ အနည်းဆုံးတော့ အိပ်မက်ထဲမှာ ပဲဖြစ်ဖြစ် မိုးမခသည် လွတ်လပ်ပျော်ရွှင်စွာ သာမန်လူတစ်ယောက်လို နေထိုင်နိုင်သည် ပေ့ါ။

တောက်~~~

တောက်...တောက်~~~

တောက်...တောက်...တောက်~~~

မကြားချင်ယောင်ဆောင်နေပေမယ့် ဆိတ်လာသည့်အသံတွေကြောင့် မိုးမခလှဲနေရာမှ ထထိုင်ကာ ကြည့်လိုက်မိသည် ။

ဟင်...ခဲလုံးလေးတွေ ပြတင်းပေါက်ကိုကျော်ကျော်ပြီး အခန်းထဲ ဝင်လာသည့် ဒီခဲလုံးလေးတွေက ဘာလဲ?

ပြင်းပြလာသည့် သိချင်စိတ်ကြောင့် သူပြတင်းပေါက်နားကပ်ကာ ငုံ့ကြည့်လိုက်သည် ။

ခဲလုံးတစ်လုံးကိုင်ကာ ကျွန်တော့်အခန်းထဲပစ်ဖို့ လုပ်နေရင်း ကျွန်တော်သိသွားသောကြောင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသော ကောင်လေးတစ်ယောက်။ ဟင့်အင်း...ကောင်လေးတော့မဟုတ်လောက်ပါဘူး။ ပုံစံက ကျွန်တော့်ထက်စာရင် အသက်ကြီးမယ့်ပုံပါ။ မျက်မှန်တပ်ထားတဲ့ သူ့ပုံစံက ရယ်ချင်စရာပါ။

ကျွန်တော်လက်ထဲက ခဲလုံးကိုမြောက်ပြကာ ခင်ဗျားလုပ်နေတာလား ဟူသည့် အမူအရာဖြင့်မေးလိုက်သည် ။ တစ်ဖက်မှ သူက ပြုံးကာ ခေါင်းငြိမ့်ပြတော့ ကျွန်တော် မေးဆတ်ပြလိုက်သည် ။ အဓိပ္ပာယ်ကတော့ ဘာဖြစ်လို့ လုပ်တာလဲပေ့ါ။

ရုတ်တရက်ဆိုသလို သူထွက်ပြေးသွားသည် ။ ကျွန်တော်ကြည့်နေ

တဲ့ ခဏတွင်းမှာ ပင် စာရွက်ကြီးနှင့် ဘောပင်တစ်ချောင်းကိုကိုင်ကာ သူပြန်ရောက်လာသည် ။ စာရွက်ကြီးပေါ်မှာ စာတွေချရေးပြီး သူထောင်ပြတော့...

**သူငယ်ချင်းဖြစ်ချင်လို့ မင်းနဲ့ **

သူငယ်ချင်းတဲ့ လား...ကျွန်တော့်လို နှလုံးရောဂါသည် တစ်ယောက်နဲ့ လေ။

**မင်းကို ငါသိနေတာကြာပြီ။ ငါ့နာမည်က ဆက်ပိုင်ရှင်း ။ ငါတို့ အခု သူငယ်ချင်းဖြစ်ပြီနော်**

အွမ်...ကျွန်တော်တောင် ဘာမှ ပြန်မပြောရသေးဘူး သူကအတင်းကြီးကို သူငယ်ချင်းတော်နေပါရောလား။ ပြီးတော့ ကျွန်တော့်ကိုလည်း သိနေတာကြာပြီတဲ့ လေ။ ကျွန်တော်ဘဲ အပြင်လောကနဲ့ အဆက်အသွယ်မရှိလို့ လား ဘာလားတော့မသိ အခုအောက်က မြက်ခင်းပြင်ပေါ်မှာ စာရွက်ကြီးတစ်ထောင်ထောင်နဲ့ ကားယားကားယားဖြစ်နေတဲ့ သူပုံစံက ကျွန်တော့်အတွက်တော့ တကယ့်ကိုအထူးအဆန်းရယ်ပါ။

ကျွန်တော် ဘာမှ မပြောဘဲ တံခါးပိတ်ကာ အခန်းထဲဝင်လာလိုက်သည် ။

ဘယ်လိုလူလဲမသိ...အူကြောင်ကြောင်နဲ...။

ကျွန်တော် ခေါင်းကိုခါရင်း မျက်စိမှိတ်ကာ ကျိတ်မှိတ်အိပ်လိုက်မိသည် လေ။

စိတ်ပဲစွဲသွားတာလား ဘာလားတော့မသိ...။ အဲ့ဒီလူကြီးက ကျွန်တော့်အိပ်မက်ထဲ ကျွန်တော့်ကိုခွင့်မတောင်းပဲနဲ့ ရောက်ရှိလာခဲ့သည်

လေ။

***

ဒီနေ့က ကျွန်တော့်မွေးနေ့။ ဖေဖေနဲ့ မေမေပို့ပေးလိုက်သည့် လက်ဆောင်တွေက ပိုးသတ်ပြီးသည့်ပုံစံဖြင့် ကျွန်တော့်အခန်းထဲ ရောက်ရှိနေလေပြီ။ ၂နှစ်ရှိပြီ။ ဒါနဲ့ ဆို ၂နှစ်ရှိခဲ့ပြီ။ ဖေဖေနဲ့ မေမေ ကျွန်တော့်မွေးနေ့ မှာ လူကိုယ်တိုင်ရောက်မလာဘဲ အသက်မပါတဲ့ လက်ဆောင်တွေချည်းရောက်လာခဲ့တာ။ ဒါဆို မနှစ်ကလိုဘဲ မွေးနေ့ကို ကျွန်တော်တစ်ယောက်တည်း ဖြတ်သန်းရဦးမှာ ပေါ့။

တစ်နှစ်တာအသက်ရှင်ခဲ့ပြီဆိုတဲ့ အထိမ်းအမှတ်နေ့မှာ ကျွန်တော်အချစ်ဆုံးသူနှစ်ယောက်ရှိမနေတော့ ကျွန်တော်ဝမ်းနည်းမိသည် ။ မနှစ်က ဆို ငိုရင်း နှလုံးအောင့်လာ၍ အရေးပေါ်ခန်းထဲမှာ တစ်လတိတိနေလိုက်ရသည် လေ။ ဒီနှစ်ကတော့ ဘာပဲပြောပြော မနှစ်ကထက်စရင်တော့ နည်းနည်းအဆင်ပြေပါသည် ။

တောက်...တောက်

ကျွန်တော်တွေးနေမိတုန်း ကြားလိုက်ရသံကြောင့် ပြတင်းပေါက်ကို ကြည့်လိုက်တော့ အောက်ဘက်မှ ခဲလုံးလေးတွေ။ ဘာမှန်းကိုသိနေပေမယ့် စိတ်ပြေလက်ပျောက်သဘောဖြင့် ကျွန်တော်ဆေးတိုင်လေးကို တွန်းကာ ပြတင်းပေါက်နားလာခဲ့လိုက်သည် ။

သူပဲပေါ့။ ကျွန်တော်ထွက်လာတာနဲ့ စာရွက်ကြီးကို ထောင်ပြနေတာ
။

**မွေးနေ့ကိုဂုဏ်ပြုပါတယ်**

တွေ့လိုက်ရသော စာကြောင်းကြောင့် ကျွန်တော်ကြောင်သွားမိသည်။ သူက ဒီနေ့ ကျွန်တော့်မွေးနေ့ဆိုတာ ဘယ်လိုလုပ်သိတာလဲ။

**မင်းမွေးနေ့ကို သိဖို့ ကလွယ်ပါတယ်။ နပ်စ် တွေဆီမှာ မင်းရဲ့ လူနာမှတ်တမ်း တောင်းကြည့်လိုက်ရင် ရတာပဲကို**

ဘုရားရေ...သူ ကျွန်တော်စိတ်ကိုပါ သိနေတယ်။ ကျွန်တော်ဘာမှ မပြောရသေးဘဲ။ ကျွန်တော်မေးချင်တာကို သူသိနေတယ်။

**မအံ့သြသွားနဲ့ နော်။ ငါက မင်းမျက်နှာကို ကြည့်ရုံနဲ့ မင်းဘာဖြစ်နေတယ်ဆိုတာ အကုန်သိတယ်**

ဒီတစ်ခါတော့ ကျွန်တော်လန့်ဖြန့်ကာ တံခါးတွေပိတ်လိုက်ပြီး နံရံကိုမှီကာပုန်းနေမိသည် ။ ကျွန်တော့်ကို ကျွန်တော်တောင် ဘာဖြစ်လို့ ဒီလိုလုပ်မိမှန်းမသိတော့...။

သေချာတာက သူက အရမ်းထူးဆန်းတယ်ဆိုတာပါပဲ။

***